## ဓမ္မခန္ဓာ (၃၆) “အို လူသား” (ယာဆင်)

ဥာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၄၁။ သုတ်ဒေသနာ– ၈၃ ပါး။

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَـنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။ | **يس**۞<br>ယာဆင်[၈၃၇] |
| ၂။ | **وَالْقُرْآنِ الْحَكِيمِ**۞<br>ဓမ္မသတ်စင်စစ်ဖြစ်သော ကုရ်အံအားဖြင့်– |
| ၃။ | **إِنَّكَ لَمِنَ الْمُرْسَلِينَ**۞<br>ဧကန်ပင် အသင်သည် ဥာဏ်စဉ်တော်ဆောင်တို့ အနက်မှ ဖြစ်၍– |
| ၄။ | **عَلَى صِرَاطٍ مُّسْتَقِيمٍ**۞<br>မြဲမြံတည်တံ့သော လမ်းစဉ်တော်၌ ရှိ၏။ |
| ၅။ | **تَنزِيلَ الْعَزِيزِ الرَّحِيمِ**۞<br>ဤ ချမှတ်ချက်သည် ဘုန်းတော်ရှင် အကြင်နာရှင်၏ ထံမှ ဖြစ်၍– |
| ၆။ | **لِتُنذِرَ قَوْمًا مَّا أُنذِرَ آبَاؤُهُمْ فَهُمْ غَافِلُونَ**۞<br>မိဘစဉ်ဆက် သတိပေးသူ မရှိခဲ့လျက် မေ့လျော့နေသော လူမျိုးအား သတိပေးရန် ဖြစ်၏။ |
| ၇။ | **لَقَدْ حَقَّ الْقَوْلُ عَلَى أَكْثَرِهِمْ فَهُمْ لَا يُؤْمِنُونَ**۞<br>ဤစကားသည် ယုံကြည်ခြင်း မရှိခဲ့သော အများစုအတွက် ပရမတ်သစ္စာ အမှန် ဖြစ်၏။ |
| ၈။ | **إِنَّا جَعَلْنَا فِي أَعْنَاقِهِمْ أَغْلاَلاً فَهِيَ إِلَى الأَذْقَانِ فَهُم مُّقْمَحُونَ**۞<br>ငါအရှင်သည် သူတို့၏ လည်ပင်းတွင် လည်ကွင်းများကို မေးစေ့ထိ စီမံထား၏၊ သို့ဖြစ်၍ ဦးမော့လျက် ရှိကြ၏။[၈၃၈] |
| ၉။ | **وَجَعَلْنَا مِن بَيْنِ أَيْدِيهِمْ سَدًّا وَمِنْ خَلْفِهِمْ سَدًّا فَأَغْشَيْنَاهُمْ فَهُمْ لاَ يُبْصِرُونَ**۞<br>ထို့ပြင် သူတို့ရှေ့မှ အကာအဆီးဖြင့်၊ သူတို့၏နောက်မှ အကာအဆီးဖြင့် စီမံထား၏၊ သို့ဖြင့် သူတို့အား ဖုံးလွှမ်းထား၏ ထို့ကြောင့် သူတို့သည် မြင်နိုင်စွမ်းရည် မရှိချေ။[၈၃၉] |

---

(**၈၃၇**) အာရ်ဗီဝေါဟာရ အတိုကောက် **ယာဆင်** မှာ **ယား– အင်ဆန်း** အို–လူသား ဟု အနက်ဖြစ်ပေသည်။ **အင်ဆန်း** ဆိုသည်မှာ ပြည့်စုံသော လူသား ဟု ဖြစ်၍ ကိုယ်တော်မုဟမ္မဒ်ကို ရည်ညွှန်းပေသည်၊ (အိဗနိ အဗ္ဗားစ်)။

(**၈၃၈**)ဤသည် သစ္စာတရားတော်အား ဟောပြောသော အခါ မနာယူ ခေါင်းမော့မော်ကြွားနေသော သူများကို ပမာဆောင်ခြင်း ဖြစ်ပေသည်။

(**၈၃၉**) သူတို့၏ ကျောထောက်နောက်ခံမျိုးရိုးသည်လည်း သူတို့အား သစ္စာတရားမှ ကာဆီးထားခဲ့သည်၊ သူတို့ရှေ့မှ ရပ်တည်သော ပညာတတ် ဆိုသည့် သူများသည်လည်း သစ္စာတရားထက် မိရိုးဖလာအား ကာကွယ်ရန်ကိုသာ မိမိတတ်သမျှ ပညာအားလုံးဖြင့် ကာဆီးထားကြပေ၏။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၁၀။ | وَسَوَاءٌ عَلَيْهِمْ أَأَنذَرْتَهُمْ أَمْ لَمْ تُنذِرْهُمْ لَا يُؤْمِنُونَ ۞<br>သူတို့အား သတိပေးသည် ဖြစ်စေ၊ သူတို့အား သတိမပေးသည် ဖြစ်စေ အတူတူပင် သူတို့သည် မယုံကြည်ကြချေ။[၉၄၀] |
| ၁၁။ | إِنَّمَا تُنذِرُ مَنِ اتَّبَعَ الذِّكْرَ وَخَشِيَ الرَّحْمَٰنَ بِالْغَيْبِ ۖ فَبَشِّرْهُ بِمَغْفِرَةٍ وَأَجْرٍ كَرِيمٍ ۞<br>အသင်သည် စကၠူလွှန်မှ မဟာကရုဏာရှင်အား ကြောက်ရွံ့ရိုကျိုးသော၊ သတိဖေါ်ပေးခြင်းကို လိုက်နာသော သူကိုသာ သတိပေးဆုံးမနိုင်၏။ သူ့အား လွတ်ငြိမ်းခြင်းနှင့် ကျက်သရေရှိသော ဆုတော်အကြောင်း သတင်းကောင်းကို ပါးလော့။ |
| ၁၂။ | إِنَّا نَحْنُ نُحْيِي الْمَوْتَىٰ وَنَكْتُبُ مَا قَدَّمُوا وَآثَارَهُمْ ۚ وَكُلَّ شَيْءٍ أَحْصَيْنَاهُ فِي إِمَامٍ مُّبِينٍ ۞<br>ကေန်ပင် ငါသည် အသေကို ရှင်ပြန်စေ၏။ ငါသည် သူတို့၏ လက်ရာ ခြေရာများကို မှတ်တမ်းတင်ထားတော်မူ၏။ အရာခပ်သိမ်းကုန်အား ရှင်းလင်းချက်တို့၏ ခေါင်းစီး၌ မပျောက်မပျက် မှတ်သားထား၏။ |
| ၁၃။ | وَاضْرِبْ لَهُم مَّثَلًا أَصْحَابَ الْقَرْيَةِ إِذْ جَاءَهَا الْمُرْسَلُونَ ۞<br>သူတို့အား မြို့ရွာတစ်ခု၏ အရပ်သားတို့ကို ဥပမာ ဆောင်၍ပြလော့၊ ထို–သို့ ဥဇ္ဇစဉ်တော်ဆောင်များ ရောက်လာသောအခါ၊– |
| ၁၄။ | إِذْ أَرْسَلْنَا إِلَيْهِمُ اثْنَيْنِ فَكَذَّبُوهُمَا فَعَزَّزْنَا بِثَالِثٍ فَقَالُوا إِنَّا إِلَيْكُم مُّرْسَلُونَ ۞<br>နှစ်ပါးကို ၎င်းတို့ထံသို့ ငါ စေစားသော်– သူတို့သည် ငြင်းဆန်ခံရ၏။ ငါသည် သူတို့အား သုံးပါးမြောက်ဖြင့် ဘုန်းလက်ရုံးတိုးစေမူ၍၊ သူတို့က “ကျွန်ုပ်တို့သည် သင်တို့အတွက် ဥဇ္ဇစဉ်တော်ဆောင်များ ဖြစ်၏၊” ဟု ဆိုကြ၏။ |
| ၁၅။ | قَالُوا مَا أَنتُمْ إِلَّا بَشَرٌ مِّثْلُنَا وَمَا أَنزَلَ الرَّحْمَٰنُ مِن شَيْءٍ إِنْ أَنتُمْ إِلَّا تَكْذِبُونَ ۞<br>၎င်းတို့က “သင်တို့သည် ကျွန်ုပ်တို့ ကဲ့သို့ လူသားများသာ ဖြစ်၏။ မဟာကရုဏာရှင်သည် တစ်စုံတစ်ရာကိုမှ ချမှတ်ပေးခြင်း မရှိချေ၊ သင်တို့မှာ လိမ်ညာငြင်းဆန်သူများသာ ဖြစ်၏၊” ဟု ပြန်ပြောကြ၏။ |
| ၁၆။ | قَالُوا رَبُّنَا يَعْلَمُ إِنَّا إِلَيْكُمْ لَمُرْسَلُونَ ۞<br>သူတို့က ပြောကြသည်မှာ “ကျွန်ုပ်တို့သည် သင်တို့အတွက် ဥဇ္ဇစဉ်တော်ဆောင်များ ဖြစ်သည်ကို ကံကြမ္မာရှင်သည် သိနေတော်မူ၏။ |
| ၁၇။ | وَمَا عَلَيْنَا إِلَّا الْبَلَاغُ الْمُبِينُ ۞<br>ကျွန်ုပ်တို့၏ ဝန်တာမှာ ရှင်းလင်းချက်အား သင်တို့ထံသို့ အရောက်ပို့ရန်ပင်၊” ဟု ဖြစ်၏။ |
| ၁၈။ | قَالُوا إِنَّا تَطَيَّرْنَا بِكُمْ ۖ لَئِن لَّمْ تَنتَهُوا لَنَرْجُمَنَّكُمْ وَلَيَمَسَّنَّكُم مِّنَّا عَذَابٌ أَلِيمٌ ۞<br>၎င်းတို့က “သင်တို့အားဖြင့် နိမိတ်ဆိုးကိုသာ ရ၏၊ အသင်တို့ မရပ်စဲလျှင်၊ သင်တို့အား ခဲနှင့်ထုအံ့၊ ကျွန်ုပ်တို့ထံမှ နာကျင်သော ဝဋ်ကြွေးကိုသာ သင်တို့အား ထိသက်စေလတ္တံ့၊” ဟု ဆိုကြ၏။[၉၄၁] |
| ၁၉။ | قَالُوا طَائِرُكُم مَّعَكُمْ ۚ أَئِن ذُكِّرْتُم ۚ بَلْ أَنتُمْ قَوْمٌ مُّسْرِفُونَ ۞<br>သူတို့က “သင်တို့၏ နိမိတ်ဆိုးသည် သင်တို့နှင့် အတူရှိ၏။ ယခု သင်တို့အား သတိဖေါ်ပေးပြီ မဟုတ်လော၊ အမှန်မှာ သင်တို့သည် စည်းပျက်သော သူများသာ ဖြစ်၏။” ဟု ပြန်ပြော၏။ |

(၉၄၀)ဤသုတ်တော်မှ ပြောသော သူတို့အား ဆိုသည်မှာ ရှေ့မှ နောက်မှ ကာဆီးကာဆီး လုပ်နေသော သူများကို ဆိုလိုပေသည်။ ဤကျမ်းတော်အားဖြင့် မေတ္တာထား သတိပေးနေသော မျိုးဆက်သစ်များကို မဆိုလိုပေ။

(၉၄၁) လူသားတို့အား အပြစ်ရှိသည်ဟု ယူဆ၍ ခဲထုသတ်ခြင်းသည် ရှေးဟောင်း ရိုးရာ အာရဗ်တို့၏ စရိုက်သာ ဖြစ်ပေသည်။ အစ္စလာမ်၏ သွန်သင်ချက် မဟုတ်ချေ။ သို့သော် အစ္စလာမ် ခေါင်းစဉ်အောက်သို့ ရောက်လာသော အာရဗ်များမှ အချို့သည် ယနေ့ထိ မိရိုးဖလာ ထိုအယူဟောင်းကို ဆက်လက် ကျင့်သုံးနေသေးသည်မှာ ဝမ်းနည်းဘွယ် ကောင်းလှပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၂၀။ | **وَجَاء مِنْ أَقْصَى الْمَدِينَةِ رَجُلٌ يَسْعَى قَالَ يَا قَوْمِ اتَّبِعُوا الْمُرْسَلِينَ۝**<br>မြို့စွန် အဝေးမှ လူတစ်ဦးသည် ပြေး၍ ရောက်လာလျှက် ပြောသည်မှာ “အို ကျွန်ုပ်၏ လူမျိုးတို့၊ ဉာဏ်စဉ်တော်ဆောင်များအား လိုက်နာကြကုန်လော့၊ |
| ၂၀။ | **اتَّبِعُوا مَن لاَّ يَسْأَلُكُمْ أَجْرًا وَهُم مُّهْتَدُونَ۝**<br>တရားဟောခ မတောင်းသော သူများကို လိုက်နာကြလော့၊ သူတို့သည် လမ်းညွှန်မှန်ရသူများ ဖြစ်ကြ၏။ |
| ၂၂။ | **وَمَا لِي لاَ أَعْبُدُ الَّذِي فَطَرَنِي وَإِلَيْهِ تُرْجَعُونَ۝**<br>ဘယ်အရာက ကျွန်ုပ်အား စတည်ဖြစ်စေသော အရှင်ကို မကိုးကွယ်စေသနည်း၊ အရှင့်ထံသို့သာ ဦးလှည့်ပြန်ရမည်ပင်။ |
| ၂၃။ | **أَأَتَّخِذُ مِن دُونِهِ آلِهَةً إِن يُرِدْنِ الرَّحْمَن بِضُرٍّ لاَّ تُغْنِ عَنِّي شَفَاعَتُهُمْ شَيْئًا وَلاَ يُنقِذُونِ۝**<br>အရှင့်အား တုပြိုင်လျှက် အခြားဘုရားကို အယူထားသင့်သလော၊ မဟာကရုဏာရှင်က ကျွန်ုပ်အား ဘေးဥပါဒ်သင့်စေလိုသော် ၎င်းတို့၏ အမျှဝေပေးခြင်းသည် ကျွန်ုပ်အတွက် ပြည့်စုံနိုင်သည် မဟုတ်၊ ကယ်ဆယ်နိုင်သည်လည်း မဟုတ်ချေ။ |
| ၂၄။ | **إِنِّي إِذًا لَّفِي ضَلاَلٍ مُّبِينٍ۝**<br>အကယ်၍ဆိုသော်–ကျွန်ုပ်သည် ရှင်းလင်းသော အပါယ်လမ်း၌ ဖြစ်ခဲ့ချေပြီ။ |
| ၂၅။ | **إِنِّي آمَنتُ بِرَبِّكُمْ فَاسْمَعُونِ۝**<br>အကျွန်ုပ်သည် သင်တို့၏ ကံကြမ္မာရှင်အား ယုံကြည်ပါ၏၊ သို့ဖြစ်၍ ကြားနာကြပါကုန်။” ဟု ဖြစ်၏။ |
| ၂၆။ | **قِيلَ ادْخُلِ الْجَنَّةَ قَالَ يَا لَيْتَ قَوْمِي يَعْلَمُونَ۝**<br>သူ့အား “ဥယျာဉ်ဘုံသို့ ဝင်လော့၊”ဟု မိန့်သော်၊ သူက ပြောသည်မှာ “အလိုလေး– ကျွန်ုပ်၏ လူမျိုးတို့ သိကြပါလေစ၊ |
| ၂၇။ | **بِمَا غَفَرَ لِي رَبِّي وَجَعَلَنِي مِنَ الْمُكْرَمِينَ۝**<br>ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား လွတ်ငြိမ်းစေပြီ၊ ကျက်သရေရှိသူများထဲမှ ဖြစ်စေပြီ၊” ဟု ဖြစ်၏။ |
| ၂၈။ | **وَمَا أَنزَلْنَا عَلَى قَوْمِهِ مِن بَعْدِهِ مِنْ جُندٍ مِّنَ السَّمَاء وَمَا كُنَّا مُنزِلِينَ۝**<br>သူ၏ နောက်တွင် သူ့လူမျိုး၏ ထံသို့ ကောင်းကင်ယံမှ စစ်သည်များကို စေစားတော် မမူချေ၊ ငါ အရှင်က ထိုသို့ စေစားရန် မလိုချေ။ |
| ၂၉။<br>သက်မဲ့များ | **إِن كَانَتْ إِلاَّ صَيْحَةً وَاحِدَةً فَإِذَا هُمْ خَامِدُونَ۝**<br>အသံလှိုင်းကြီး တစ်ခုဖြင့်သာ– ထိုအခါ သူတို့သည် **ရပ်စဲနေသူများ** ဖြစ်ကုန်၏။ |
| ၃၀။ | **يَا حَسْرَةً عَلَى الْعِبَادِ مَا يَأْتِيهِم مِّن رَّسُولٍ إِلاَّ كَانُوا بِهِ يَسْتَهْزِؤُون۝**<br>အမှုဆောင်များအပေါ် ဝမ်းနည်းဘွယ် ကောင်းပေစွ၊ သူတို့ထံသို့ ဉာဏ်စဉ်တော်ဆောင် တစ်ပါး ရောက်လာလေတိုင်း၊ သူတို့သည် လှောင်ပြောင်သရော်ခြင်း၌သာ ရှိကြကုန်၏။ |
| ၃၁။ | **أَلَمْ يَرَوْا كَمْ أَهْلَكْنَا قَبْلَهُم مِّنْ الْقُرُونِ أَنَّهُمْ إِلَيْهِمْ لاَ يَرْجِعُونَ۝**<br>သူတို့မတိုင်မီ မျိုးဆက်မည်မျှကို တိမ်ကောစေခဲ့ကြောင်း သူတို့ မဆင်ခြင်ကြကုန်သလော၊ ၎င်းတို့သည် သူတို့ထံသို့ ဦးလှည့်ပြန်လာမည် မဟုတ်ချေ။ |
| ၃၂။ | **وَإِن كُلٌّ لَّمَّا جَمِيعٌ لَّدَيْنَا مُحْضَرُونَ۝**<br>၎င်းတို့ကိုယ်စီ ငါ၏ထံတော်သို့ အားလုံး အဆင်သင့်ရောက်ကြရကုန်၏။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၃၃။ | **وَآيَةٌ لَّهُمُ الْأَرْضُ الْمَيْتَةُ أَحْيَيْنَاهَا وَأَخْرَجْنَا مِنْهَا حَبًّا فَمِنْهُ يَأْكُلُونَ**<br>သူတို့အတွက် နိမိတ်လက္ခဏာ တစ်ရပ်မှာ သေနေသော မြေကမ္ဘာ ဖြစ်၏၊ ငါသည် ၎င်းအား ရှင်ပြန်စေ၍ ထိုမှ သီးနှံများကို ပေါက်ရောက်စေကာ၊ ၎င်းမှ သူတို့ကို စားသုံးစေနိုင်၏။ |
| ၃၄။ | **وَجَعَلْنَا فِيهَا جَنَّاتٍ مِن نَّخِيلٍ وَأَعْنَابٍ وَفَجَّرْنَا فِيهَا مِنَ الْعُيُونِ**<br>ငါသည် ၎င်း၌ စွန်ပလွံပင် စပျစ်ပင် ဥယျာဉ်များကို စီမံပေး၏၊ ၎င်းမှ စမ်းချောင်းများကို စီးထွက်စေ၏။ |
| ၃၅။ | **لِيَأْكُلُوا مِن ثَمَرِهِ وَمَا عَمِلَتْهُ أَيْدِيهِمْ أَفَلَا يَشْكُرُونَ**<br>သူတို့ လက်ဖြင့် မပြုလုပ်ခဲ့သော ထိုသစ်သီးဝလံများမှ သူတို့သည် စားသုံးနိုင်ရာ၏။ သူတို့ ကျေးဇူးမသိထိုက်သလော။ |
| ၃၆။ | **سُبْحَانَ الَّذِي خَلَقَ الْأَزْوَاجَ كُلَّهَا مِمَّا تُنبِتُ الْأَرْضُ وَمِنْ أَنفُسِهِمْ وَمِمَّا لَا يَعْلَمُونَ**<br>မြေကမ္ဘာပေါ် ပေါက်ရောက်ရာမှ၊ သူတို့၏ ဥဉ်တူကိုယ်စီမှ၊ သူတို့ မသိသေးသော အရာများမှ– အရာရာအား အစုံစုံ ဖြစ်တည်ပေးတော်မူသော အရှင်အား ဦးထိပ်ထားကြလော့။ |
| ၃၇။ | **وَآيَةٌ لَّهُمُ اللَّيْلُ نَسْلَخُ مِنْهُ النَّهَارَ فَإِذَا هُم مُّظْلِمُونَ**<br>ထို့နောက် သူတို့အတွက် နိမိတ်လက္ခဏာ တစ်ရပ်မှာ ညဥ့် ဖြစ်၏။ ငါသည် ထိုမှ နေ့၏ကို ထုတ်ပယ်လိုက်သည်နှင့် ၎င်းသည် အမှောင်ကျသွားတော့၏။ |
| ၃၈။ | **وَالشَّمْسُ تَجْرِي لِمُسْتَقَرٍّ لَّهَا ذَٰلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ**<br>နေသည် သူ့ဦးတည်ချက် အတိုင်း စီးမြောနေရ၏။ ဤသည် ဘုန်းတော်ရှင် သဗ္ဗညုဉာဏ်ရှင်၏ စည်းချိန်သတ်မှတ်မှု ဖြစ်၏။ |
| ၃၉။ | **وَالْقَمَرَ قَدَّرْنَاهُ مَنَازِلَ حَتَّىٰ عَادَ كَالْعُرْجُونِ الْقَدِيمِ**<br>လ၊ ငါသည် ၎င်းအား ၎င်း၏ အဆင့်များကို စွန်ပလွံအကိုင်းခြောက်၏ အကွေးကဲ့သို့ ဖြစ်လာသည်အထိ စည်းချိန်ချမှတ်ထား၏။ |
| ၄၀။ | **لَا الشَّمْسُ يَنبَغِي لَهَا أَن تُدْرِكَ الْقَمَرَ وَلَا اللَّيْلُ سَابِقُ النَّهَارِ وَكُلٌّ فِي فَلَكٍ يَسْبَحُونَ**<br>နေသည် လကို ကျော်ဖြတ်သွားခွင့် မရှိ၊ ညသည် နေ့ကို ယှဉ်ပြိုင်နိုင်ခွင့် မရှိချေ။ ၎င်းတို့ကိုစီ ကိုယ်ပိုင် ဂြိုလ်လမ်းပေါ်၌ လှည့်လည်နေရ၏။ |
| ၄၁။ | **وَآيَةٌ لَّهُمْ أَنَّا حَمَلْنَا ذُرِّيَّتَهُمْ فِي الْفُلْكِ الْمَشْحُونِ**<br>သူတို့အတွက် နိမိတ်လက္ခဏာ တစ်ရပ်မှာ သူတို့၏ သားမြေးများကို ဝန်တင် ရေယာဉ်ပေါ်၌တင်၍ ဝန်ဆောင်ခဲ့ခြင်းပင်။ |
| ၄၂။ | **وَخَلَقْنَا لَهُم مِّن مِّثْلِهِ مَا يَرْكَبُونَ**<br>ငါသည် သူတို့အတွက် ထိုကဲ့သို့ အရာကို ဖြစ်တည်စေတော်မူ၏။ သူတို့ စီးသွားနိုင်ကြလတ္တံ့။ |
| ၄၃။<br>☆<br>၂း၇၀ | **وَإِن نَّشَأْ نُغْرِقْهُمْ فَلَا صَرِيخَ لَهُمْ وَلَا هُمْ يُنقَذُونَ**<br>စံချိန်ပြည့်မှီသည့် အလျှောက်၊☆ ငါသည် သူတို့အား နစ်မြုပ်စေတော်မူနိုင်၏။ သူတို့အား ကယ်တင်မည့်သူ မရှိချေ၊ သူတို့သည် ကယ်ဆယ်ခံရမည် မည်လည်း မဟုတ်ချေ။ |
| ၄၄။ | **إِلَّا رَحْمَةً مِّنَّا وَمَتَاعًا إِلَىٰ حِينٍ**<br>ငါ့ထံမှ ကရုဏာတော်သာ ရှိ၏။ သူတို့အား ခေတ္တယာယီ ခံစားစေ၏။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၄၅။ | وَإِذَا قِيلَ لَهُمُ اتَّقُوا مَا بَيْنَ أَيْدِيكُمْ وَمَا خَلْفَكُمْ لَعَلَّكُمْ تُرْحَمُونَ ۝<br>သူတို့အား "သင်တို့အပေါ် ကရုဏာ သက်အံ့ငှာ၊ သင်တို့၏ ရှေ့လုပ်ရပ် နောက်လုပ်ရပ်များ၌ စည်းစောင့်ကြလော့၊" ဟု ပြောသောအခါ၊ |
| ၄၆။ | وَمَا تَأْتِيهِم مِّنْ آيَةٍ مِّنْ آيَاتِ رَبِّهِمْ إِلَّا كَانُوا عَنْهَا مُعْرِضِينَ ۝<br>သူတို့ထံသို့ ကံကြမ္မာရှင်၏ သုတ္တန်များမှ မည်သည့် သုတ်ဒေသနာ မဆို ရောက်ရှိလာသော်၊ သူတို့သည် လှည့်သွားကြသည်သာ ဖြစ်၏။ |
| ၄၇။ | وَإِذَا قِيلَ لَهُمْ أَنفِقُوا مِمَّا رَزَقَكُمُ اللَّهُ قَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا أَنُطْعِمُ مَن لَّوْ يَشَاءُ اللَّهُ أَطْعَمَهُ إِنْ أَنتُمْ إِلَّا فِي ضَلَالٍ مُّبِينٍ ۝<br>သူတို့အား "ပရမတ်ဘုရားရှင်က သင်တို့အား ရိက္ခာပေးရာမှ လှူဒါန်းပေးကမ်းကြလော့"ဟု ပြောသောအခါ၊ ဖုံးကွယ်သောသူများက ယုံကြည်သူတို့အား "စံချိန်ပြည့်မှီသည့်အလျောက် ပရမတ်ဘုရားရှင်က ကျွေးမွေးနိုင်ပါလျက်၊ ကျွန်ုပ်တို့က ကျွေးမွေးရမည်လော၊ သင်တို့သည်ကား ရှင်းလင်းစွာသော လမ်းလွဲ၌ ရှိနေ၏၊"ဟု ပြန်ပြောကြ၏။ |
| ၄၈။ | وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ۝<br>သူတို့က "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ကတိတော်မှာ မည်သည့် အချိန်၌နည်း၊" ဟု ပြောကြသေး၏။ |
| ၄၉။ | مَا يَنظُرُونَ إِلَّا صَيْحَةً وَاحِدَةً تَأْخُذُهُمْ وَهُمْ يَخِصِّمُونَ ۝<br>သူတို့၏ စောင့်စားခြင်းမှာ သူတို့ချင်း တင်းမာနေစဉ် သုတ်ငင်သွားမည့် အသံလှိုင်းကြီး တစ်ခုတည်းသာ ဖြစ်၏။ |
| ၅၀။ | فَلَا يَسْتَطِيعُونَ تَوْصِيَةً وَلَا إِلَى أَهْلِهِمْ يَرْجِعُونَ ۝<br>ထိုအခါ သူတို့သည် အမွေလွဲအပ်ရန်၊ သူတို့၏ ဝိုင်းသားများထံသို့ ဦးလှည့်ပြန်ရန် အချိန်ရတော့မည် မဟုတ်ချေ။ |
| ၅၁။<br>☆<br>ဖး၇၃ | وَنُفِخَ فِي الصُّورِ فَإِذَا هُم مِّنَ الْأَجْدَاثِ إِلَى رَبِّهِمْ يَنسِلُونَ ۝<br>ပုံစံများအား အသက်သွင်းသောအခါ၊☆ သင်္ချိုင်းရှိသူများမှ ကံကြမ္မာရှင်၏ထံသို့ သုတ်ခြေတင်ရလတ္တံ့။ |
| ၅၂။ | قَالُوا يَا وَيْلَنَا مَن بَعَثَنَا مِن مَّرْقَدِنَا هَذَا مَا وَعَدَ الرَّحْمَنُ وَصَدَقَ الْمُرْسَلُونَ ۝<br>သူတို့က "ကျွန်ုပ်တို့များနှယ်၊ မည်သူက ကျွန်ုပ်တို့အား မှိန်းစက်နေရာမှ နိုးထစေသနည်း၊" ဟု ဆိုကြ၏။ ဤသည် ကရုဏာရှင်၏ ကတိတော်ပင် ဖြစ်၏။ ဥဇ္ဇာစဉ်တော်ဆောင်တို့သည် ဖြောင့်မှန်ကြကုန်၏။ |
| ၅၃။ | إِن كَانَتْ إِلَّا صَيْحَةً وَاحِدَةً فَإِذَا هُمْ جَمِيعٌ لَّدَيْنَا مُحْضَرُونَ ۝<br>ဤသည် အသံလှိုင်းကြီး တစ်ခုမျှသာ ဖြစ်၏။ ထိုအခါ သူတို့ အားလုံး ငါ၏ထံတော်သို့ အဆင်သင့်ရောက်ကြရကုန်၏။ |
| ၅၄။ | فَالْيَوْمَ لَا تُظْلَمُ نَفْسٌ شَيْئًا وَلَا تُجْزَوْنَ إِلَّا مَا كُنتُمْ تَعْمَلُونَ ۝<br>ထိုနေ့ကာလ၌ မည်သည့် ဥဉ်စရိုက်သည်မှ အဝိဇ္ဇာသင့်ခြင်း စိုးစဉ်းမျှ မခံရချေ။ သူတို့၏ ကျင့်ကြံခဲ့သည်မှအပ အစားပေးခံရခြင်းလည်း မရှိချေ။ |
| ၅၅။ | إِنَّ أَصْحَابَ الْجَنَّةِ الْيَوْمَ فِي شُغُلٍ فَاكِهُونَ ۝<br>ကေန်ပင် သုခဘုံ၏ အဖော်များသည် ထိုနေ့၌ ပျော်ရွှင်ခြင်းဖြင့် အလုပ်ရှုပ်နေကြ၏။ |
| ၅၆။ | هُمْ وَأَزْوَاجُهُمْ فِي ظِلَالٍ عَلَى الْأَرَائِكِ مُتَّكِؤُونَ ۝<br>သူတို့နှင့် သူတို့ ကြင်ဖေါ်တို့သည် အရိပ်ထဲ၌ သက်တောင့်သက်သာဖြစ်သော ခုံတန်းများပေါ်၌ စံမြန်းရလတ္တံ့။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| ၅၇။ | لَهُمْ فِيهَا فَاكِهَةٌ وَلَهُم مَّا يَدَّعُونَ ۞<br>သူတို့အတွက် သစ်သီးဝလံမျိုးစုံနှင့် သူတို့ လိုချင်သမျှ ရှိနေ၏။ |
| ၅၈။ | سَلَامٌ قَوْلًا مِن رَّبٍّ رَّحِيمٍ ۞<br>ငြိမ်းချမ်းစေသော် ဟု ကြင်နာသော ကံကြမ္မာရှင်၏ ထံမှ စကားတော်လာရှိ၏။ |
| ၅၉။ | وَامْتَازُوا الْيَوْمَ أَيُّهَا الْمُجْرِمُونَ ۞<br>အို ရာဇဝတ်ကောင်တို့ ဤနေ့၌ သင်တို့သည် သီးခြားနေလော့။ |
| ၆၀။ | أَلَمْ أَعْهَدْ إِلَيْكُمْ يَا بَنِي آدَمَ أَن لَّا تَعْبُدُوا الشَّيْطَانَ إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ ۞<br>အို အာဒံ၏ သားမြေးတို့၊ မကောင်းဆိုးဝါးတို့အား မကိုးကွယ်ရန် သင်တို့အပေါ်၌ ငါ ကတိမထားခဲ့သလော။ သူသည် သင်တို့အတွက် ရှင်းလင်းသော အတိုက်အခံ မဟုတ်တုံလော။ |
| ၆၁။ | وَأَنْ اعْبُدُونِي هَذَا صِرَاطٌ مُّسْتَقِيمٌ ۞<br>ငါအရှင်ကိုသာ ကိုးကွယ်အပ်သည် မဟုတ်လော၊ ဤသည် မြဲမြံတည်တံ့သော လမ်းစဉ် ဖြစ်၏။ |
| ၆၂။ | وَلَقَدْ أَضَلَّ مِنكُمْ جِبِلًّا كَثِيرًا أَفَلَمْ تَكُونُوا تَعْقِلُونَ ۞<br>သူသည် သင်တို့မှ များစွာသော သူတို့ကို မုချ လမ်းလွဲစေခဲ့ပြီ။ သင်တို့၌ အတွေးအခေါ် မရှိကြလေသလော။ |
| ၆၃။ | هَذِهِ جَهَنَّمُ الَّتِي كُنتُمْ تُوعَدُونَ ۞<br>ဤသည် သင်တို့အား ကတိပေးခဲ့သည့် ငရဲဘုံပင် ဖြစ်၏။ |
| ၆၄။ | اصْلَوْهَا الْيَوْمَ بِمَا كُنتُمْ تَكْفُرُونَ ۞<br>သင်တို့၏ ဖုံးကွယ်မှုများကြောင့် ဤနေ့ကာလတွင် သင်တို့သည် မီးသားအတိ ဖြစ်ရမည်ပင်။ |
| ၆၅။ | الْيَوْمَ نَخْتِمُ عَلَى أَفْوَاهِهِمْ وَتُكَلِّمُنَا أَيْدِيهِمْ وَتَشْهَدُ أَرْجُلُهُمْ بِمَا كَانُوا يَكْسِبُونَ ۞<br>ဤနေ့၌ သင်တို့၏ ပါးစပ်များကို ငါ အဆုံးသတ်လိုက်ပြီ။ သင်တို့ ဆည်းပူးခဲ့သမျှ အတွက် သင်တို့၏ လက်များကို စကားပြောစေ၍၊ သင်တို့၏ ခြေထောက်များကို သက်သေသက်ကန် ဖြစ်စေ၏။ |
| ၆၆။ | وَلَوْ نَشَاء لَطَمَسْنَا عَلَى أَعْيُنِهِمْ فَاسْتَبَقُوا الصِّرَاطَ فَأَنَّى يُبْصِرُونَ ۞<br>စံချိန်ပြည့်မှီလျှင် သင်တို့ လမ်းကြောင်းကို ရှာသောအခါ၊ သင်တို့၏ မျက်လုံးများအပေါ် အရည်ခွံကွာစေလတ္တံ့၊ သင်တို့ မည်သို့ မြင်နိုင်ပေအံ့နည်း။ |
| ၆၇။ | وَلَوْ نَشَاء لَمَسَخْنَاهُمْ عَلَى مَكَانَتِهِمْ فَمَا اسْتَطَاعُوا مُضِيًّا وَلَا يَرْجِعُونَ ۞<br>စံချိန်ပြည့်မှီလျှင်၊ သူတို့၏ နေရာများ၌ပင် သူတို့အား အသွင်ပြောင်းပစ်လတ္တံ့၊ သူတို့သည် ရှေ့သို့ဖြစ်စေ၊ ဦးလှည့်၍ ဖြစ်စေ ရွေ့နိုင်တော့မည် မဟုတ်ချေ။ |
| ၆၈။ | وَمَنْ نُعَمِّرْهُ نُنَكِّسْهُ فِي الْخَلْقِ أَفَلَا يَعْقِلُونَ ۞<br>ငါက သက်တမ်းရှည်စေသူအား အားအင်ယုတ်လျော့လာစေရန် ဖြစ်တည်ပေးထားသည်ကို သင်တို့ မတွေးတောမိနိုင်သလော။ |
| ၆၉။<br>ကိုယ်<br>တော့ | وَمَا عَلَّمْنَاهُ الشِّعْرَ وَمَا يَنبَغِي لَهُ إِنْ هُوَ إِلَّا ذِكْرٌ وَقُرْآنٌ مُّبِينٌ ۞<br>ငါသည် **သူ့**အား လင်္ကာရေးခြင်းကို သင်ကြားပေးသည် မဟုတ်ချေ။ ၎င်းသည် **သူ့**အား သက်ရောက်သည်လည်း |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | မဟုတ်ချေ။ ဤသည် သတိပေးတရားတော်နှင့် ရှင်းလင်းသော ကုရ်အာန်မှ အပ အခြားမဟုတ်ချေ။ |
| ၇၀။ | لِيُنذِرَ مَن كَانَ حَيًّا وَيَحِقَّ الْقَوْلُ عَلَى الْكَافِرِينَ<br>ရှင်သူများကို သတိပေးရန် အလို့ငှာ ဖြစ်၏။ ဖုံးကွယ်သူတို့အပေါ် သစ္စာတရားအား ဖေါ်ပြောရန်လည်း ဖြစ်၏။ |
| ၇၁။ | أَوَلَمْ يَرَوْا أَنَّا خَلَقْنَا لَهُم مِّمَّا عَمِلَتْ أَيْدِينَا أَنْعَامًا فَهُمْ لَهَا مَالِكُونَ<br>သူတို့အတွက် ငါ၏ လုပ်ပိုင်ခွင့်ဖြင့် ငါအရှင် ဖြစ်တည်ပေးသော အရာများမှ သူတို့ စိုးမိုးချုပ်ကိုင်နိုင်သည့် ခွဲကွဲစားမြုံပြန် တိရိစ္ဆာန်များကို မဆင်ခြင် မသုံးသပ်ကြကုန်သလော။ |
| ၇၂။ | وَذَلَّلْنَاهَا لَهُمْ فَمِنْهَا رَكُوبُهُمْ وَمِنْهَا يَأْكُلُونَ<br>ငါအရှင်က ၎င်းတို့ကို သူတို့အတွက် အခိုင်းအစေဖြစ်စေ၏။ ၎င်းတို့မှ သူတို့ စီးနင်းကြ၏။ ၎င်းတို့မှ သူတို့ စားသုံးကြ၏။ |
| ၇၃။ | وَلَهُمْ فِيهَا مَنَافِعُ وَمَشَارِبُ أَفَلَا يَشْكُرُونَ<br>သူတို့အတွက် ၎င်းတို့မှ အခြားသော အကျိုးများ၊ သောက်သုံးရာများကို ရစေ၏။ ကျေးဇူးမသိ ထိုက်လေသလော။ |
| ၇၄။ | وَاتَّخَذُوا مِن دُونِ اللَّهِ آلِهَةً لَّعَلَّهُمْ يُنصَرُونَ<br>သို့တိုင်၊ ပရမတ်ဘုရားရှင်နှင့် တုပြိုင်လျှက် အခြားဘုရားများ ရှိသည်ဟု အကူအညီ ရလိုရငြား အယူထားနေကြ၏။ |
| ၇၅။ | لَا يَسْتَطِيعُونَ نَصْرَهُمْ وَهُمْ لَهُمْ جُندٌ مُّحْضَرُونَ<br>၎င်းတို့က သူတို့အား ကူညီနိုင်စွမ်း မရှိချေ။ ၎င်းတို့သည် သူတို့အတွက် အသင့်ပြင်နေသော စစ်သည်များ ဖြစ်၏။[၉၄၂] |
| ၇၆။ | فَلَا يَحْزُنكَ قَوْلُهُمْ إِنَّا نَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ<br>သို့ဖြစ်၍၊ သူတို့၏ ပြောစကားများအတွက် ဝမ်းမနည်းနှင့်၊ ငါအရှင်သည် ဖုံးဖိထားရာ၊ ဖွင့်ဟဝန်ခံရာ ဟူသမျှကို သိနေတော်မူ၏။ |
| ၇၇။ | أَوَلَمْ يَرَ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن نُّطْفَةٍ فَإِذَا هُوَ خَصِيمٌ مُّبِينٌ<br>ငါသည် သူ့အား ရေကြည်ပေါက်မှ ဖြစ်တည်စေကြောင်း လူသားသည် မသိမမြင်သလော၊ ထို့နောက် သူသည် ရှင်းလင်းစွာပင် အာခံတော့၏။ |
| ၇၈။ | وَضَرَبَ لَنَا مَثَلًا وَنَسِيَ خَلْقَهُ قَالَ مَنْ يُحْيِي الْعِظَامَ وَهِيَ رَمِيمٌ<br>ထို့နောက် သူ့အား ဖြစ်တည်ပေးသည်ကို မေ့ပစ်လျှက် ငါအရှင်အား ဥပမာအမျိုးမျိုးဖြင့် ခိုင်းနှိုင်း၍ "ဆွေးမြေ့ကြေမွနေသည့် အရိုးများကို မည်သူက ပြန်ရှင်စေအံ့နည်း၊" ဟု ဆို၏။ |
| ၇၉။ | قُلْ يُحْيِيهَا الَّذِي أَنشَأَهَا أَوَّلَ مَرَّةٍ وَهُوَ بِكُلِّ خَلْقٍ عَلِيمٌ<br>ဟောလော့ "၎င်းတို့အား ပထမ အကြိမ် ဖြစ်စေခဲ့သည့် အရှင်က ပြန်ရှင်စေမည်ပင်၊ အရှင်သည် ဖြစ်တည်ပေးခြင်းကိုယ်စီအား သိနေတော်မူ၏။" |
| ၈၀။ | الَّذِي جَعَلَ لَكُم مِّنَ الشَّجَرِ الْأَخْضَرِ نَارًا فَإِذَا أَنتُم مِّنْهُ تُوقِدُونَ<br>အရှင်သည် သင်တို့အတွက် အပင်စိမ်းမှ မီးကို စီမံပေး၏။ သို့ဖြင့် သင်တို့သည် ၎င်းမှ မီးကို ကူးမွှေးကြ၏။ |
| ၈၁။ | أَوَلَيْسَ الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ بِقَادِرٍ عَلَى أَنْ يَخْلُقَ مِثْلَهُم بَلَى وَهُوَ الْخَلَّاقُ الْعَلِيمُ |

(၉၄၂) ကိုးကွယ်ခံခေါင်းဆောင်များမှာ အမှန်တကယ်စာရင်းရှင်းရမည့် နေ့တွင် အပြစ်ပေးခံရန် အသင့်ပြင် သတိဆွဲနေရသော သာမန်ရဲဘော်ကလေး အဆင့်သာ ရှိကြောင်း သူတို့၏ (ကိုးကွယ်ဆည်းကပ်ခဲ့သူတို့၏) ရှေ့မှောက်၌ပင် မြင်တွေ့ရပေမည်ဟု ဆိုလိုပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

| | |
|---|---|
| | မိုးများနှင့် မြေအား စည်းချိန်တကျ ဖြစ်တည်စေသော အရှင်သည် ၎င်းတို့ကို အလားတူ ဖြစ်တည်စေနိုင်သည် မဟုတ်လော၊ အမှန်မှာ အရှင်သည် ဖြစ်တည်စေသော အရှင်၊ သိနေတော်မူသော အရှင် ဖြစ်၏။ |
| ၈၂။ ☆ ၂း၁၁၇ | إِنَّمَا أَمْرُهُ إِذَا أَرَادَ شَيْئًا أَنْ يَقُولَ لَهُ كُنْ فَيَكُونُ۞ <br> စံချိန်ပြည့်သည့်အလျောက် ဖြစ်စေလိုလျှင် အရှင်၏ စီမံချက်၌ “ဖြစ်”ဟု မိန့်လိုက်သည်နှင့် ဆင့်ကဲပြည့်စုံ ဖြစ်လာရ၏။☆ |
| ၈၃။ | فَسُبْحَانَ الَّذِي بِيَدِهِ مَلَكُوتُ كُلِّ شَيْءٍ وَإِلَيْهِ تُرْجَعُونَ۞ <br> သဗ္ဗလုံးစုံအား အစိုးရခြင်းသည် အရှင့်၏ လုပ်ပိုင်ခွင့်၌သာ ရှိသော အရှင်အား ဦးထိပ်ထားကြလော့၊ အရှင့်ထံသို့သာ ဦးလှည့် ပြန်ရမည်သာတည်း။ |

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com